## နေအိမ်နှင့် လူမှုအသိုင်းအဝိုင်းအခြေပြု ဝန်ဆောင်မှုများ (HCBS) သည် ကလေးများ/လူငယ်များနှင့် မိသားစုများ/ပြုစုစောင့်ရှောက်သူများကို မည်ကဲ့သို့ကူညီပေးသနည်း။

### ကလေးများအတွက် HCBS-

- ကလေးများ/လူငယ်များနှင့် မိသားစုများ သက်သောင့်သက်သာအရှိဆုံးနေရာဖြစ်သော နေအိမ်တွင် သို့မဟုတ် လူမှုအသိုင်းအဝိုင်းအတွင်း ပံ့ပိုးသည်
- ကလေးများနှင့် လူငယ်များ ၎င်းတို့၏ ပန်းတိုင်များသို့ ရောက်ရှိရန်နှင့် အောင်မြင်မှုများ ရရှိရန် လျှောက်လှမ်းရာတွင် ပံ့ပိုးကူညီပေးသည်
- ကလေးများနှင့် လူငယ်များ ၎င်းတို့၏ နေအိမ်၊ ကျောင်းတွင်းနှင့် အခြားပတ်ဝန်းကျင်များတွင် အောင်မြင်မှုရရှိရန် ကူညီပေးသည်
- ကလေး/လူငယ်တစ်ယောက်ချင်းစီ၏ ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ မူးယစ်ဆေးစွဲမှု ကုသရေးနှင့်/သို့မဟုတ် ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် စိတ်ကြိုက်ရွေးချယ်ချိန်ညှိနိုင်သော တစ်ဦးချင်း ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည်





## ကလေးများအတွက် HCBS ကို မည်သူတို့ ရရှိနိုင်သနည်း။

ကလေးများအတွက် HCBS သည် အောက်ပါ ကလေးများနှင့် လူငယ်များအတွက်ဖြစ်သည်-

1) စောင့်ရှောက်ရေးဌာနတစ်ခုခု၊ ဆေးရုံ သို့မဟုတ် ပြုစုစောင့်ရှောက်ရေးဂေဟာသို့ ပို့ခံရနိုင်ခြေရှိသူများ သို့မဟုတ် ယင်းဌာန၊ ဆေးရုံ သို့မဟုတ် ပြုစုစောင့်ရှောက်ရေးဂေဟာမှ နေအိမ်သို့ ပြန်ရောက်လာသူများ

2) နေအိမ်တွင်ဖြစ်စေ၊ လူမှုအသိုင်းအဝိုင်းအတွင်း၌ဖြစ်စေ အထူးဂရုစိုက်စောင့်ရှောက်မှု လိုအပ်သူများ

3) HCBS* ရယူခွင့်ရှိကြောင်း သတ်မှတ်ခံရသူများ

4) Medicaid တွင် စာရင်းသွင်းထားပြီးသူများ သို့မဟုတ် စာရင်းသွင်းရန် သတ်မှတ်ချက်ပြည့်မီသူများ။ မှတ်ချက်- အချို့သောကလေးများသည် HCBS ကို ရယူရန် သတ်မှတ်ချက်ပြည့်မီပါက Medicaid အစီအစဉ်ကိုလည်း ရယူခွင့် ရှိနိုင်ပါသည်။

## ကလေးများအတွက် HCBS ဝန်ဆောင်မှုကို မည်သို့ရယူနိုင်သနည်း။

ကလေးများအတွက် HCBS ကို ကလေး/လူငယ်တစ်ဦးက မည်သို့ ရရှိနိုင်သည်ကို သိရှိရန် ကလေးများ/လူငယ်များနှင့် ၎င်းတို့၏မိသားစုများ/ပြုစုစောင့်ရှောက်သူများသည် **Health Home စောင့်ရှောက်ရေးမန်နေဂျာ**** နှင့် ပြောဆိုဆွေးနွေးနိုင်သည် သို့မဟုတ် ကလေးများနှင့် လူငယ်များအား အကဲဖြတ်စစ်ဆေးရေး ဝန်ဆောင်မှု ဖုန်းနံပါတ် 1-833-861-4467 သို့မဟုတ် CYESConnect@health.ny.gov မှတစ်ဆင့် ဆက်သွယ်နိုင်သည်။

## ** Health Home စောင့်ရှောက်မှု စီမံခန့်ခွဲရေးဆိုတာ ဘာလဲ။

Health Home ဆိုသည်မှာ နေရာတစ်ခု မဟုတ်ပါ။ သင်နှင့် သင့်မိသားစုအတွက် ကိုက်ညီမည့် ဝန်ဆောင်မှုများကို ရှာဖွေပေးနိုင်သည့် လူပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ Health Home စောင့်ရှောက်မှုမန်နေဂျာများသည် ကလေးများ/လူငယ်များ၊ ၎င်းတို့၏ မိသားစုများ၊ ဝန်ဆောင်မှုပေးသူများနှင့် အဖွဲ့တစ်ခုအဖြစ် ပူးပေါင်းလုပ်ဆောင်ကာ ၎င်းတို့ ကျန်းမာစွာ နေထိုင်နိုင်ရန် လိုအပ်သော စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို သေချာပေါက် ရရှိစေရန် ကူညီဆောင်ရွက်ပေးသည်။

HCBS ရယူခွင့်ရှိသည့် ကလေးများအားလုံးသည် Health Home စောင့်ရှောက်မှု စီမံခန့်ခွဲရေးအစီအစဉ်မှတစ်ဆင့် စောင့်ရှောက်မှု စီမံခန့်ခွဲရေးဝန်ဆောင်မှုများကို ရယူနိုင်ပါသည်။ Health Home စောင့်ရှောက်မှု စီမံခန့်ခွဲရေးအစီအစဉ်တွင် စာရင်းသွင်းမထားသည့် ကလေးများ/လူငယ်များသည် နောက်ထပ်အချက်အလက်များ ရယူရန်နှင့်/သို့မဟုတ် စာရင်းသွင်းရန် 518-473-5569 ကို ခေါ်ဆိုနိုင်သည် သို့မဟုတ် Healthhomes@health.ny.gov သို့ အီးမေးလ်ပို့နိုင်သည်။

*HCBS တွင် စာရင်းသွင်းရန် ကလေးများအတွက် 1915c ကင်းလွတ်ခွင့် အစီအစဉ်တွင် ပါဝင်ရန် လိုအပ်သည်။

**ကလေးများအတွက် နေအိမ်နှင့် လူမှုအသိုင်းအဝိုင်းအခြေပြု ဝန်ဆောင်မှုများ (Children’s Home and Community-Based Services) အကြောင်း ပိုမိုလေ့လာရန် သင်၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၊ Health Home စောင့်ရှောက်ရေးမန်နေဂျာ၊ Medicaid Managed Care Plan၊ County SPOA သို့မဟုတ် ကလေးများနှင့် လူငယ်များအား အကဲဖြတ်စစ်ဆေးရေး ဝန်ဆောင်မှုကို ဆက်သွယ်ပါ။**

### NYS ကလေးများအတွက် MEDICAID

# နေအိမ်နှင့် လူမှုအသိုင်းအဝိုင်း အခြေပြု ဝန်ဆောင်မှုများ (Home and Community-Based Services, HCBS)

### ကလေးများ/လူငယ်များနှင့် မိသားစုများအတွက် အချက်အလက်များ



NEW YORK STATE

စိတ်ကျန်းမာရေးရုံး

ကျန်းမာရေးဌာန

အရက်စွဲခြင်းနှင့် မူးယစ်ဆေးအလွန်အကျွံသုံးစွဲမှု ကုသရေး ဝန်ဆောင်မှုများရုံး

ဖွံ့ဖြိုးမှုဆိုင်ရာ ချို့ယွင်းချက်ရှိသူများအတွက် အကူအညီပေးရေးရုံး

ကလေးများနှင့် မိသားစုဝန်ဆောင်မှုများရုံး



# ကလေးများအတွက် နေအိမ်နှင့် လူမှု အသိုင်းအဝိုင်းအခြေပြု ဝန်ဆောင်မှုများ

## လူမှုအသိုင်းအဝိုင်းအခြေပြု ဘဝနေထိုင်မှုစွမ်းရည်မြှင့်တင်ရေး (Community Habilitation)

လူမှုဆက်ဆံရေးနှင့် နေ့စဉ်နေထိုင်မှုဘဝ စွမ်းရည်များအပြင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်တာများကို သင်ယူလေ့လာရာတွင် အကူအညီရယူပါ

- ဥပမာအားဖြင့်- ကျန်းမာရေးနှင့်ညီညွတ်အောင် ချက်ပြုတ်စားသောက်တတ်ရန်၊ လူမှုအသိုင်းအဝိုင်း လှုပ်ရှားမှုများတွင် ပါဝင်ရန်၊ ထိရောက်စွာ ဆက်သွယ်ပြောဆိုရန်၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ရန်နှင့် အကျိုးအကြောင်းသိရှိနားလည်ထားသော ဆုံးဖြတ်ချက်များ ချမှတ်ရန် သင်ယူခြင်း

## ပြုစုစောင့်ရှောက်သူ/မိသားစု ရပ်တည်ကာကွယ်မှုနှင့် ပံ့ပိုးကူညီရေး ဝန်ဆောင်မှုများ

- ပြုစုစောင့်ရှောက်သူများနှင့် မိသားစုများသည် ဖွံ့ဖြိုးမှုဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာ၊ စိတ်ကျန်းမာရေးဆိုင်ရာ နှင့်/သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲမှုဆိုင်ရာ လိုအပ်ချက်များရှိသည့် ကလေးများအတွက် အကျိုးအကြောင်း သိရှိနားလည်ပြီး ကိုယ်တိုင်စဉ်းစားချင့်ချိန်နိုင်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် သင်တန်းနှင့် ပညာပေးအစီအစဉ်များကို ရယူနိုင်သည်
- လူမှုအသိုင်းအဝိုင်းအတွင်း ကလေးများနှင့် လူငယ်များ၏ ကိုယ်တိုင်ရပ်တည်နိုင်စွမ်းကို ထိန်းသိမ်းမြှင့်တင်ပေးရန်

## အသက်မွေးဝမ်းကျောင်းကြိုတင်ပြင်ဆင်ရေး ဝန်ဆောင်မှုများ

အသက် 14 နှစ်နှင့်အထက် လူငယ်များသည် ၎င်းတို့၏စိတ်ဝင်စားမှုနှင့် ကိုက်ညီသည့် လစာရ အလုပ်အကိုင် သို့မဟုတ် စေတနာ့ဝန်ထမ်းအလုပ်အကိုင်များအတွက် အဆင်သင့်ဖြစ်စေရန် လိုအပ်သည့်အရည်အချင်းများကို သင်ယူနိုင်သည်

- ယင်းအရည်အချင်းများတွင် ကြီးကြပ်ရေးမှူးများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဝယ်ယူသူများနှင့် ဆက်သွယ်ပြောဆိုခြင်း၊ လုပ်ငန်းခွင်အတွင်း ပြဿနာဖြေရှင်းခြင်း၊ အသက်မွေးဝမ်းကျောင်း အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ ပါဝင်နိုင်သည်

## အလုပ်အကိုင်ရရှိရေး ပံ့ပိုးကူညီမှုပေးသည့် ဝန်ဆောင်မှု

- အလုပ်လုပ်ရန် အဆင်သင့်ဖြစ်နေသည့် အသက် 14 နှစ်နှင့်အထက် လူငယ်များသည် လစာငွေရရှိမည့် တည်ငြိမ်သောအလုပ်တစ်ခုတွင် ဆက်လက်လုပ်ကိုင်နိုင်ရန် အကူအညီ ရယူနိုင်သည်
- အလုပ်ရှာဖွေနေစဉ်အတွင်းနှင့် အလုပ်လုပ်ကိုင်နေစဉ်အတွင်း စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုကို ရယူပါ

ဝန်ဆောင်မှုများတွင် အောက်ပါတို့နှင့် အခြားအရာများ ပါဝင်နိုင်သည်-

- မိမိ၏ အရည်အချင်း၊ စိတ်ပါဝင်စားမှုများနှင့် ကိုက်ညီမည့် အလုပ်အကိုင်ကို ရှာဖွေရာတွင် ကူညီပေးခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ လမ်းညွှန်ပြသပေးခြင်း၊ ခံစားခွင့်ဆိုင်ရာ ပံ့ပိုးမှုများ၊ အသက်မွေးဝမ်းကျောင်း တိုးတက်မှုအတွက် ကူညီပေးခြင်းနှင့် အခြားလုပ်ငန်းခွင်ဆိုင်ရာ ပံ့ပိုးကူညီမှု ဝန်ဆောင်မှုများ

## ခေတ္တကိုယ်စား ပြုစုစောင့်ရှောက်မှု ဝန်ဆောင်မှုများ (ကြိုတင်စီစဉ်ထားသော ခေတ္တကိုယ်စား ပြုစုစောင့်ရှောက်မှုနှင့် အရေးပေါ်အခြေအနေ ခေတ္တကိုယ်စား ပြုစုစောင့်ရှောက်မှု)

- နေအိမ်တွင်ဖြစ်စေ၊ လူမှုအသိုင်းအဝိုင်းအတွင်း၌ဖြစ်စေ သို့မဟုတ် အခြားခွင့်ပြုထားသော နေရာတစ်ခုခုတွင်ဖြစ်စေ ဝန်ဆောင်မှုပေးနိုင်သည်
- ကြိုတင်စီစဉ်ထားသော ခေတ္တကိုယ်စား ပြုစုစောင့်ရှောက်မှု ဝန်ဆောင်မှုများသည် မိသားစုများ/ပြုစုစောင့်ရှောက်သူများအတွက် ရေတိုအနားရသက်သာစေပြီး၊ ကလေး၏ စိတ်ကျန်းမာရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်/သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ရည်မှန်းချက်များကိုလည်း ပံ့ပိုးကူညီပေးသည်
- အရေးပေါ်အခြေအနေ ခေတ္တကိုယ်စား ပြုစုစောင့်ရှောက်မှုဆိုသည်မှာ စိတ်ကျန်းမာရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု နှင့်/သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အရေးပေါ် အခြေအနေတစ်ခုခုကြောင့် ကြုံတွေ့ရသည့် ဒုက္ခများမှ ရေတိုသက်သာရာရစေရန် ပံ့ပိုးပေးခြင်းဖြစ်ပြီး၊ ယခုကဲ့သို့ ပံ့ပိုးမှုမျိုး မရှိပါက ကလေးအနေဖြင့် ယခုထက်ပိုမို မြင့်မားသော စောင့်ရှောက်မှုအဆင့်မျိုး လိုအပ်လာမည်ဖြစ်သည်

## ဝေဒနာသက်သာစေရေး စောင့်ရှောက်မှု

နာတာရှည် ဝေဒနာ သို့မဟုတ် နာမကျန်းမှုများ ခံစားနေရသည့် ကလေးများနှင့် လူငယ်များသည် အောက်ပါဝန်ဆောင်မှုများကို ရယူနိုင်ပါသည်-

- ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများကို သက်သာကောင်းမွန်စေရန် နှိပ်နယ်ကုသပေးခြင်း
- ခံစားချက်များကို ပိုမိုနားလည်သဘောပေါက်ပြီး ဖော်ပြနိုင်စေရန် အနုပညာ၊ ဂီတနှင့် ကစားနည်းများဖြင့် ကုသပေးခြင်း
- ဝေဒနာများကို သက်သာစေရန် နှင့်/သို့မဟုတ် ထိန်းချုပ်နိုင်စေရန် နာကျင်မှုနှင့် ရောဂါလက္ခဏာများကို ထိန်းချုပ်ကုသပေးခြင်း
- နာတာရှည် ဝေဒနာ သို့မဟုတ် နာမကျန်းမှုများနှင့် ဆက်စပ်နေသော ပူဆွေးသောကများကို ကလေးများ/လူငယ်များနှင့် မိသားစုများ ရင်ဆိုင်ကျော်လွှားနိုင်စေရန် ကူညီပေးသည့် နှစ်သိမ့်ဆွေးနွေးမှုနှင့် ပံ့ပိုးကူညီမှု ဝန်ဆောင်မှုများ



## အကူးအပြောင်းကာလ ဝန်ဆောင်မှုများ

အကူးအပြောင်းကာလ ဝန်ဆောင်မှုများဆိုသည်မှာ ကလေး/လူငယ်တစ်ဦးက ဆေးရုံ/စောင့်ရှောက်ရေးဌာနတစ်ခုခုတွင် ရေရှည်တက်ရောက်ကုသပြီးနောက် နေအိမ်သို့ ပြန်လာနိုင်အောင် ကူညီပေးရန် ဝယ်ယူနိုင်သော ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ဆိုလိုသည်

## အကူးအပြောင်းကာလ စောင့်ရှောက်မှု ချိတ်ဆက်ညှိနှိုင်းရေး

ဆေးရုံ/စောင့်ရှောက်ရေးဌာနတစ်ခုခုတွင် ရေရှည်နေထိုင်ပြီးနောက် နေအိမ်သို့ ပြန်လာမည့် ကလေးများ/လူငယ်များအတွက် လိုအပ်သော အကူးအပြောင်းကာလ ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများကို ချိတ်ဆက်ညှိနှိုင်းပေးခြင်းဖြင့် ကူညီပေးသည်။

## ပတ်ဝန်းကျင်ဆိုင်ရာ ပြုပြင်မွမ်းမံမှုများ

ကလေး သို့မဟုတ် လူငယ်၏ ကျန်းမာရေးလိုအပ်ချက်များကို အဆင်ပြေအောင် ကူညီပေးရန် ၎င်းတို့၏ နေအိမ်အား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်း



## ယာဉ် ပြုပြင်မွမ်းမံမှုများ

ကလေး သို့မဟုတ် လူငယ်၏ ကျန်းမာရေး လိုအပ်ချက်များကို အဆင်ပြေအောင် ကူညီပေးရန် ၎င်းတို့ အသုံးပြုသည့် ယာဉ်အား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်း

## အလိုက်သင့် ချိန်ညှိအသုံးပြုနိုင်သော ပစ္စည်းများနှင့် အထောက်အကူပြု နည်းပညာ

ကလေးများ/လူငယ်များ၏ ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ပံ့ပိုးကူညီရန် လိုအပ်သော နည်းပညာဆိုင်ရာ အထောက်အကူပြုပစ္စည်းများ သို့မဟုတ် အခြားကိရိယာများ

## ဆေးဘက်ဆိုင်ရာမဟုတ်သော သွားလာရေး အစီအစဉ်

ချမှတ်ထားသော ရည်မှန်းချက်များကို ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ သို့မဟုတ် လှုပ်ရှားမှုများဆီသို့ သွားလာရေး စီစဉ်ပေးခြင်း